FPB
First Private Bank

**ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ (၃၄)ကြိမ်မြောက်**
**နှစ်ပတ်လည်အထွေထွေအစည်းအဝေးတက်ရောက်ရန်နှင့်**
**ဆန္ဒမဲ ပေးရန် အသိပေးအကြောင်းကြားခြင်း**

ရက်စွဲ၊ ၂၀၂၅ခုနှစ် အောက်တိုဘာလ ( ၁၀ )ရက်

ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ **(၃၄)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို** အောက်ပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အစုရှင်များကို ကြိုတင်အသိပေးအပ်ပါသည်။

**အစည်းအဝေးကျင်းပမည့်ရက် - ၂၀၂၅ခုနှစ်၊ ဒီဇင်ဘာလ( ၂၁)ရက် (တနင်္ဂနွေနေ့)**
**အစည်းအဝေးကျင်းပမည့်အချိန် - နံနက်(၉:၀၀)နာရီ**
**အစည်းအဝေးကျင်းပမည့်နေရာ - ရန်ကုန်စတော့ခ်အိတ်ချိန်း (YSX)**
**အစည်းအဝေးကျင်းပမည့်ပုံစံ - ZOOM online meeting**

ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ **(၃၄)ကြိမ်မြောက်နှစ်ပတ်လည် အထွေထွေအစည်းအဝေးသို့** တက်ရောက် ရမည့် အစုရှယ်ယာရှင်များကို (၈.၁၀.၂၀၂၅) ရက်စွဲဖြင့် အတည်ပြုသတ်မှတ်ပြီးဖြစ်ပါသည်။

ဒါရိုက်တာများရွေးချယ်ရန်အတွက် ဆန္ဒမဲပေးခြင်းကို ကြိုတင်ဆောင်ရွက်ရမည်ဖြစ်၍ အစုရှင်များမှ အစည်းအဝေးတက်ရောက်ရန်နှင့် ဆန္ဒမဲပေးရန်အတွက် Online Registration ပြုလုပ်ရမည်ဖြစ်ပါသည်။ **Online Registration ပြုလုပ်ရန်အတွက် (၂၄.၁၀.၂၀၂၅)ရက် သောကြာနေ့မှ (၆.၁၁.၂၀၂၅)ကြာသပတေးနေ့အထိ** ဘဏ်၏ Website **"www.firstprivatebank.com.mm"** နှင့် **"fpb.com.mm"** တို့မှ Register ပြုလုပ်ရမည်ဖြစ်ပြီး အစုရှယ်ယာရှင် အတည်ပြုကြောင်းကို ဖုန်း message နှင့် email များမှတဆင့် အကြောင်းကြားစာ ပေးပို့မည်ဖြစ်ပါသည်။ **(ကိုယ်စားမဲပေးရန် Proxy လွှဲအပ်ပြီးသူများ မဲ(Vote) ပေးရန်မလိုအပ်ပါ)**

Online Registration ပြုလုပ်ပြီး အစုရှယ်ယာရှင်အဖြစ် အတည်ပြုကြောင်း အကြောင်းပြန်ကြားစာ လက်ခံရရှိထားသော အစုရှယ်ယာရှင်များကို ဒါရိုက်တာများရွေးချယ်ရန်အတွက် **(၉.၁၁.၂၀၂၅)ရက် တနင်္ဂနွေနေ့တွင် Voting Link များပေးပို့မည်ဖြစ်ပြီး အစုရှယ်ယာရှင်များမှ (၁၀.၁၁.၂၀၂၅)ရက် တနင်္လာနေ့ နံနက် (၉း၃၀)နာရီမှ (၁၂.၁၁.၂၀၂၅)ရက် ဗုဒ္ဓဟူးနေ့ ည(၁၁း၅၉)နာရီအထိ** Vote ပေးရွေးချယ်ရပါမည်။

အစုရှယ်ယာရှင်များမှ အစည်းအဝေးသို့ ကိုယ်တိုင်မတက်ရောက်နိုင်ပါက ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ကိုယ်စား ဆန္ဒမဲ ပေးနိုင်ရန်အခြားသူတစ်ဦးဦးကို **ကိုယ်စားလှယ် (Proxy)** လွှဲအပ်ပေးရန် ဖြစ်ပြီး ကိုယ်စားလှယ်လွှဲအပ်သည့် ပုံစံကို ရုံးချုပ်နှင့်ဘဏ်ခွဲများတွင် လည်းကောင်း ၊ ရန်ကုန်စတော့ အိပ်ချိန်း၏ Website" **https://ysx-mm.com** နှင့် ပထမပုဂ္ဂလိကဘဏ် Website **"www.firstprivatebank.com.mm"**တို့တွင် လည်းကောင်း ရယူနိုင်ပါသည်။

နှစ်ပတ်လည်အထွေထွေအစည်းအဝေးနှင့်ဆန္ဒမဲခြင်းတို့ကို အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် စုစုပေါင်း အစုရှယ်ယာ၏ (၃၀%)(Quorum)ပြည့်မီရန် လိုအပ်သဖြင့် အစုရှယ်ယာရှင်များမှ Register ပြုလုပ်ပေးပါရန်နှင့် ဖြင့်ကိုယ်တိုင် တက်ရောက်ပေးပါရန်နှင့် ကိုယ်တိုင် မတက်ရောက်နိုင်ပါက ကိုယ်စားလှယ်လွှဲစာ(Proxy) များ လွှဲအပ်ပေးပါရန် ပန်ကြားအပ်ပါသည်။

ညွှန်ကြားချက်အရ

အတွင်းရေးမှူး
ဒါရိုက်တာအဖွဲ့

# ပထမပုဂ္ဂလိကဘဏ်အများနှင့်သက်ဆိုင်သော

# ကုမ္ပဏီလီမိတက်

## (၃၄) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး

## “ဖိတ်ကြားလွှာ”

ပထမပုဂ္ဂလိကဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏

(၃၄) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို

အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ တက်ရောက်ကြပါရန်

လေးစားစွာဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ကျင်းပမည့်နေရာ | - | Virtual Meeting (Online) |
| ကျင်းပမည့်နေ့ရက် | - | ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ(၂၁)ရက်၊ တနင်္ဂနွေနေ့ |
| ကျင်းပမည့်အချိန် | - | နံနက် (၉း၀၀)နာရီ |

## အစည်းအဝေးအစီအစဉ်များ

၁။ အစည်းအဝေးစတင်ကြောင်းနှင့် အစည်းအဝေးအထမြောက်ကြောင်းကြေညာခြင်း။

၂။ အစည်းအဝေးအစီအစဉ်များကို ဖတ်ကြားတင်ပြခြင်း။

၃။ သဘာပတိကြီးမှ အဖွင့်အမှာစကားပြောကြားခြင်း။

၄။ အမြတ်ဝေစုခွဲပေးရန်အစုရှယ်ယာရှင်များ၏အတည်ပြုချက်ရယူခြင်း။

၅။ ဘဏ်၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအပိုဒ်(၈၂)အရ ဒါရိုက်တာများ ရွေးချယ်ခြင်းနှင့် ရွေးချယ်ခံရသည့် ဒါရိုက်တာအဖွဲ့ဝင်အမည်စာရင်းများကို ကြေညာခြင်း။

၆။ ဒါရိုက်တာအဖွဲ့၏၂၀၂၄-၂၀၂၅ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာနှင့် နှစ်ချုပ်စာရင်းများကို တင်ပြ အတည်ပြုချက်ရယူခြင်း။

၇။ ပြင်ပစာရင်းစစ် V ADVISORY ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်စာရင်းစစ်စီရင်ခံစာကို တင်ပြ အတည်ပြုခြင်း။

၈။ မြန်မာနိုင်ငံငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ပြင်ပစာရင်းစစ်ခန့်ထားခြင်း

၉။ သဘာပတိမှ နိဂုံးချုပ်အမှာစကားပြောကြားခြင်း။

၁၀။ အစည်းအဝေးပြီးဆုံးကြောင်းကြေညာခြင်း။

<u>**အထူးပန်ကြားချက်**</u>

(၁) ZOOM Online ဖြင့် အစည်းအဝေးတက်ရောက်မည့်သူများကိုRegistered လုပ်ရန် အသေးစိတ်ထပ်မံကြေညာပေးပါမည်။

(၂) နှစ်ပတ်လည် အစီရင်ခံစာပါအချက်များကိုမေးမြန်းရန်ရှိပါက ( ၂၀-၁၁-၂၀၂၅ )နေ့ ထက်နောက်မကျဘဲ အမှုဆောင်အရာရှိချုပ်ထံလိပ်မူတပ်၍ ပေးပို့နိုင်ပါသည်။

# ပထမပုဂ္ဂလိကဘဏ်လီမိတက်

**ကိုယ်စားမဲပေးရန် ခန့်အပ်လွှာ**

ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ အစုရှင် ကျွန်ုပ် ဦး/ဒေါ်............................သည် ကျွန်ုပ်ကိုယ်စားဦး/ဒေါ်.........................................နိုင်ငံသားစိစစ်ရေးကတ်အမှတ် .............................................. အား ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ(၂၁)ရက်နှင့် အခြားရွှေ့ဆိုင်းသည့် မည်သည့်အစည်းအဝေးများတွင်မဆို တက်ရောက်ရန်နှင့် ဆန္ဒမဲပေးရန် ခန့်အပ်ပါသည်။

<u>**အထူးပန်ကြားချက်**</u>

ကိုယ်စားမဲပေးရန်ခန့်အပ်လွှာကို ( ၄-၁၁-၂၀၂၅ )ရက်ထက်နောက်မကျဘဲ ပထမပုဂ္ဂလိကဘဏ်ရုံးချုပ်(သို့မဟုတ်)နီးစပ်ရာ ဘဏ်ခွဲများသို့ပေးပို့ပါရန်။

အစည်းအဝေးအထမြောက်အောင်မြင်စေရန်အတွက်ကိုယ်တိုင်မတက်ရောက်နိုင်ပါက မပျက်မကွက် ကိုယ်စားလှယ်လွှဲပေးပါရန် ပန်ကြားအပ်ပါသည်။

လက်မှတ် ....................................................

အမည် ....................................................

နိုင်ငံသားစိစစ်ရေးကတ်အမှတ် ...................................

လိပ်စာ ............................................................

ပိုင်ဆိုင်သည့်အစုအရေအတွက် (                    )စု

Special Code (သို့) Security No. ................................

ရက်စွဲ၊ ၂၀၂၅ ခုနှစ် လ ရက်။